# မေတ္တာနန္ဒ ဝိဟာရ ဗုဒ္ဓနေ့ ပွဲတော်

ကဆုန်လပြည့်နေ့သည် မြတ်စွာဘုရားရှင် ဗုဒ္ဓ အဖြစ်သို့ရောက်တော်မူသော နေ့ထူးနေ့မြတ် တစ်ခုဖြစ်ကြောင်း ဗုဒ္ဓဘာသာဝင်တိုင်း သိထားပြီးဖြစ်ပါသည်။ဤနေ့မှာပင် ဖွားမြင်တော်မူခြင်း၊ တောထွက်တော်မူခြင်း၊ ပရိနိဗ္ဗာန်စံဝင်တော်မူခြင်းစသော အကြောင်းများကြောင့် မင်္ဂလာရှိသော နေ့ထူးနေ့မြတ်တစ်ခုအဖြစ် ဗုဒ္ဓဘာသာဝင်အများစုက သတ်မှတ်ခံယူထားကြပါသည်။ ထိုကြောင့် ဤကဆုန်လပြည့်နေ့၌ "ဗုဒ္ဓနေ့"အထိမ်းအမှတ်အဖြစ် ထူးခြားသောကုသိုလ်မင်္ဂလာပွဲများကိုလည်း ဗုဒ္ဓအဆုံးအမတရားတော်များ ပျံ့နှံ့ရာဒေသတိုင်း၌ အလေးအမြတ်ထား၍ ပြုလုပ်လေ့ရှိကြပါသည်။ မေတ္တာနန္ဒဝိဟာရဓမ္မရိပ်သာ၌လည်း ယခုနှစ် (**May 26-27-2007**)စနေ–တနင်္ဂနွေနေ့များတွင် သံဃာတော် အရှင်မြတ်များက အသံမစဲ မဟာပဋ္ဌာန်းတရားတော်များရွတ်ဖတ်၍ မြတ်စွာဘုရားရှင်အားပူဇော်ကာ ဗုဒ္ဓနေ့ပွဲတော်ကို ကျင်းပပြုလုပ်ပါမည်။ ဘေးအပေါင်းရန်အပေါင်းမှ ကာကွယ်စောင့်ရှောက်၍ စီးပွားချမ်းသာကောင်းကျိုးကျက်သရေမင်္ဂလာများပေးစွမ်းနိုင်သော ပဋ္ဌာန်းတရားတော်မြတ်ကြီးကို ပဋ္ဌာန်းပွဲကျင်းပနေစဉ်အတွင်း သင့်လျော်ရာအချိန်တွင် လာရောက်ကြည်ညိုနာယူနိုင်ရန် ဖိတ်ကြားအပ်ပါသည်။ ပဋ္ဌာန်းရေစင်များကိုလည်း ထိုနေ့များအတွင်း၌ ရယူနိုင်ပါသည်။

| | |
|---|---|
| ကျင်းပမည့်ဌာန။ | မေတ္တာနန္ဒဝိဟာရဓမ္မရိပ်သာ ।<br>4619 Central Ave. .<br>Fremont, CA 94536 .<br>Ph: 510 795 0405 |
| ကျင်းပမည့်အချိန်။ | ပဋ္ဌာန်းပွဲတော်ဖွင့်ပွဲ<br>၅၊၂၆၊၂၀၀၇ စနေနေ့ ညနေ (၇)နာရီ<br>ပဋ္ဌာန်းသိမ်းပွဲ<br>၅၊၂၇၊၂၀၀၇ တနင်္ဂနွေနေ့ နေ့လည်(၁)နာရီ |

ပဋ္ဌာန်းသိမ်းအောင်ပွဲအချိန်တွင် သံဃာတော်အရှင်မြတ်များအား ရိုးရာစဉ်လာမပျက် စာရေးတံမဲဖောက် လှူဒါန်းမည်ဖြစ်ပါသည်၊ ကံဆင့် ၊ ကံမြှင့်၍ ၊ ကံအမှန်မြင့်လိုသူများ စာရေးတံမဲများ လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။။

## <u>အလှူရှင်များ</u>

| | |
|---|---|
| ဦးအေးကြူ ဒေါ်စန်းရီ မိသားစု | နေ့ဆွမ်း |
| ဒေါက်တာ ခင်ဇော်(မွေးနေ့အလှူ) | အာရုဏ်ဆွမ်း |
| ဒေါ်ဟယ်လင်လင်းနှင့် သမီး မာဂရက်လင်း၊ ဒေစီလင်း မိသားစု၊ | အအေး ၊ မုန့်လက်ဆောင်း |
| မောင်စိုးအောင်လွင် မလွင်မာကောင်းမြင့်၊ | ပဋ္ဌာန်းမုန့် |

မှတ်ချက်။ ။ အခြားလှူဒါန်းလိုသူများလည်း ပါဝင်လှူဒါန်းကုသိုလ်ယူနိုင်ပါသည်။